**Kumudra Social Life Support Association**
ကုမုဒြာလူမှုဘဝရှင်သန်ကူညီရေးအသင်း

No.23/B, Kyaung Thit St, (8) Ward, Mayangone township, Yangon.

+959 756 796 851 MMTNetwork@mmtn.org, Nlin@mmtn.org

# ဝန်ထမ်းခေါ်ယူခြင်း

| | |
|---|---|
| စီမံချက်အမည် | HIV Prevention Project GF_MMTN |
| ရာထူး | **Peer Supervisor ကွင်းဆင်းကြီးကြပ်သူ (၂) ဦး** |
| တာဝန်ကျရာဒေသ | သီပေါမြို့ နှင့် ကျောက်မဲမြို့။ |
| ဦးတည်အုပ်စု | Key Population (MSM/TGW & SW) |
| အစီရင်ခံတင်ပြရမည့်သူ | စီမံချက်အရာရှိ (Project Officer) |
| စာချုပ်အမျိုးအစား | (၃) လစာချုပ် (Possible Extension) |
| စီမံချက် ကာလ | ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ( ၁ ) ရက် မှ ၂၀၂၆ ဒီဇင်ဘာလ ( ၃၁ ) ရက်ထိ |
| လျှောက်လွှာပိတ်မည့်ရက် | ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ ( ၇ ) ရက် |

**အဖွဲ့အကြောင်း**

မြန်မာနိုင်ငံ ကုမုဒြာ လူမှုဘဝရှင်သန်ကူညီရေးအသသင်း ( Myanmar MSM and TGW Network ) ကို ၂၀၀၉ ခုနှစ်မှစတင်ကာ နိုင်ငံအဝှမ်းရှိ HIV/AIDS နှင့်ပတ်သက်၍ အကူအညီပေးနေသော ကိုယ်ထူကိုယ်ထ အဖွဲ့များမှ ခေါင်းဆောင် ကိုယ်စားလှယ်များ ဖြင့် စတင်ကာ ဖွဲ့စည်းခဲ့ပါသည်။ စတင်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသားချင်း ချစ်ခင်စုံမက်သူများနှင့် အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်သူများ ( Men who have Sex With Men- MSM and Transgender Women – TGW ) များအကြား HIV ကူးစက်နှုန်း ကျဆင်းစေရေးနှင့် ဘဝတူအချင်းချင်းကြား ကျန်းမာရေးနှင့် ပတ်သက်သော အခွင့်အရေးတန်းတူညီမျှ ရရှိစေရန် ဖြစ်သည်။

**စီမံချက်အကြောင်း အကျဉ်းချုပ်**

၂၀၂၄ - ၂၀၂၆ ခုနှစ် အတွင်း လူထုဦးဆောင်သော HIV ဝန်ဆောင်မှု လုပ်ငန်းများကို လျာထားသည့် စီမံချက် မြို့နယ်များတွင် ဆောင်ရွက်ပါမည်။

**ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများ**

- ဦးတည်အုပ်စုများသို့ အိပ်ချ်အိုင်ဗွီနှင့် ကာလသားရောဂါ ကာကွယ်တားဆီးရေး ကျန်းမာရေးအသိပညာများ ကွင်းဆင်း ပညာပေးခြင်း၊ ကွန်ဒုံးနှင့် ချောဆီများကိုဖြန့်ဝေပေးခြင်းနှင့် အိပ်ချ်အိုင်ဗွီ ရှိ/မရှိ သွေးစစ်ဆေးပေးခြင်းနှင့် ကာလသား ရောဂါကုသမှုခံယူလိုသူများအား ကျန်းမာရေးဌာနများသို့ ညွှန်းပို့ခြင်းအတွက် ကွင်းဆင်းဝန်ထမ်းများကို ကြီးကြပ်ပေးရန်။

- လစဉ်လုပ်ငန်းအစီအစဉ် (Work Plan) များ ဦးဆောင်ပြင်ဆင်ပေးခြင်းနှင့် ရည်မှန်းချက်များအား စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်နိုင်ရေး ကြိုးကြပ်ရန်။
- စီမံကိန်း၏ လစဉ်လျာထား ရည်မှန်းချက်လုပ်ငန်းများ၏ ပြည့်မီမှုအခြေအနေနှင့် အရည်အသွေး ထိန်းသိမ်းရန်အတွက် စောင့်ကြပ်ရန်။
- စီမံကိန်း၏ လုပ်ငန်းများအတွက် မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် လိုအပ်ပါက ဦးဆောင်ညှိနှိုင်း ဆောင်ရွက်ပေးရန်။
- သွေးစစ်ဆေးမှုရလာဒ်အရ အတည်ပြုစစ်ဆေးရန်နှင့် အေအာတီ ဆေးဝါး သောက်သုံးရန် လိုအပ်သူများအား မိတ်ဖက် ကျန်းမာရေးဌာနများထံသို့ လူကိုယ်တိုင် လိုက်ပါညွှန်းပို့ ကူညီဆောင်ရွက်သည့် ဝန်ထမ်းများကို ကူညီကြီးကြပ် ပံ့ပိုးရန်။
- ဝန်ဆောင်မှု ရယူသူများထံမှ အကြံပြုချက်များ စုဆောင်းရယူပြီး ဝန်ထမ်းများအား အကြံပြုပေးခြင်းနှင့် ဝန်ထမ်းများ၏ လိုအပ်သည်များကို ကူညီလေ့ကျင့်ပေးရန်။
- ကြီးကြပ်ရသည့် ဝန်ထမ်းများ၏ နေ့အလိုက် ကွင်းဆင်းပညာပေးခြင်း၊ သွေးစစ်ဆေးပေးခြင်းနှင့် သက်ဆိုင်သောစာရင်း ဇယားများနှင့် အချက်အလက်များအား အတည်ပြုစစ်ဆေးပေးရန်နှင့် ထောက်ပံ့ဖြန့်ဝေထားသည့် ပစ္စည်းများနှင့် ခရီးစရိတ်များ အမှန်တကယ်ရရှိခြင်းတို့ကို ဆက်သွယ်မေးမြန်း တိုက်ဆိုင်စစ်ဆေးရမည်။
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ၊ အထောက်ကူပစ္စည်းများ၊ ကွန်ဒုံးနှင့်ချောဆီများကို ပျက်လပ်မှု မရှိစေရန် လမ်းညွှန်ချက်များအတိုင်း စနစ်တကျထိန်းသိမ်းခြင်း ရှိ/မရှိ ပုံမှန် ကြီးကြပ်စစ်ဆေးရန်။
- နေ့အလိုက် လုပ်ဆောင်ချက်များအား မှတ်တမ်းများ၊ အစီရင်ခံစာများ၊ စာရင်းဇယားများနှင့် အချက်အလက်များအား ဖြည့်သွင်းခြင်းနှင့် စနစ်တကျစစ်ဆေးရန်။
- သက်ဆိုင်ရာ ကြီးကြပ်သူထံသို့ အပတ်စဉ်၊ လစဉ် အစီရင်ခံစာများ အချိန်မီ စနစ်တကျပြင်ဆင်ပေးပို့တင်ပြရန်။
- အစည်းအဝေးများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ရန်။
- စာရင်းစစ်လုပ်ငန်းများနှင့် ကြီးကြပ်သူများ၊ အလှူရှင်များ၏ စီမံကိန်းလုပ်ငန်း စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ် လေ့လာရေးလုပ်ငန်းစဉ်များအတွက် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရန်။
- လိုအပ်ပါက သီးခြားတာဝန်ပေးအပ်လာမှုများကို ကျေပွန်စွာ ဆောင်ရွက်ခြင်း။

**လျှောက်ထားမည့်သူများ၏ အရည်အချင်းသတ်မှတ်ချက်များ**

- Bachelor degree တစ်ခုခု လက်ဝယ်ကိုင်ဆောင်ထားသူ ဖြစ်ရမည်။

- သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ် တွင် ဆောင်ရွက်ဖူးသည့် အတွေ့အကြုံ အနည်းဆုံး (၂) နှစ် ရှိရမည်။
- ကွင်းဆင်းပညာပေးခြင်းဆိုင်ရာ သင်တန်းများ တက်ရောက်ဖူးသူ၊ အတွေ့အကြုံ ဗဟုသုတများရှိရမည်။
- စီမံကိန်းမြို့နယ်များ၏ ဒေသနယ်မြေအခြေအနေများနှင့် ရင်းနှီးကျွမ်းဝင်သူ ဒေသခံဖြစ်ရမည်။
- ဒေသခံ ဘာသာစကား ကျွမ်းကျင်စွာ ဆက်သွယ်ပြောဆိုနိုင်သူ၊ တာဝန်နှင့် ခရီးသွားနိုင်သူ ဖြစ်ရမည်။
- လျှို့ဝှက်ထိန်းသိမ်းခြင်းကို စံပြလေးစားတန်ဖိုးထား လိုက်နာနိုင်သူ ဖြစ်ရမည်။
- မော်တော်ဆိုင်ကယ်ရှိသူ၊ ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်ရှိသူဖြစ်ရမည်။
- အဖွဲ့အစည်းနှင့် ပူးပေါင်းနိုင်ပြီး စိတ်အားထက်သန်စွာ ခေါင်းဆောင်နိုင်သော စွမ်းရည်ရှိသူ ဖြစ်ရမည်။ ဆွေးနွေးမှုနှင့် တင်ဆက်မှုစွမ်းရည် ပြည့်ဝသူ စေ့စပ်ညှိနှိုင်းမှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ရှိသူ ဦးစားပေးမည်။

(ဦးတည်အုပ်စုဝင် (MSM/TGW/SW) များလျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။)
လျှောက်ထားလိုသူများသည် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ( ၇ ) ရက်၊ ညနေ ( ၅:၀၀ ) နာရီချိန်နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါ လိပ်စာသို့ အီးမေးလ်ဖြစ်စေ၊ CV အား ဓါတ်ပုံရိုက်၍ ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

(ရွေးချယ်ခြင်းမရှိသော လျှောက်လွှာများအား ပြန်လည် အကြောင်းကြားလိမ့်မည် မဟုတ်ပါ)

ရုံးလိပ်စာ - အမှတ် (၂၃/ဘီ) ကျောင်းသစ်လမ်း ၊ အမှတ် (၈) ရပ်ကွက် ၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

| | |
|---|---|
| ဖုန်း | ➢ 09974562080 |
| | ➢ 09 756796851 |
| | ➢ 09 756796851 |
| အီးမေးလ် | ➢ Amkko@mmtn.org |
| | ➢ Stlwin@mmtn.org |
| | ➢ MMTNetwork@mmtn.org |